**ကချင်ပြည်နယ်အစိုးရပညာရေးဌာန**

**(ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အောက်တန်း) အဖွဲ့နည်းဥပဒေများ)**

**အမှတ် ၂၆၇**

**ရန်ကုန်မြို့၊ ၁၃၁၈ ခု၊ နတ်တော်လဆန်း ၁၀ ရက်။**

**(၁၉၅၆ ခု၊ ဒီဇင်ဘာလ ၁၂ ရက်။)**

အမှတ် ၂၆၇။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၇၄ အရ၊ ကချင်ပြည်နယ်ဥက္ကဋ္ဌသည်၊ အောက်ဖေါ်ပြပါ ကချင်ပြည်နယ် ပညာရေးဝန်ထမ်းအဖွဲ့နှင့် စပ်လျဉ်းသောနည်းဥပဒေများကို ပြဋ္ဌာန်း၍၊ အများသိစေရန် ကျေညာလိုက်သည်။

**ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အောက်တန်း) အဖွဲ့နည်းဥပဒေများ**

**ပဌမပိုင်း**

**ခန့်ထားရေး။**

ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အောက်တန်း) အဖွဲ့သို့ခန့်ထားရန် စည်းမျဉ်းများနှင့် ရာထူးစည်း မျဉ်းများကို ပြဋ္ဌာန်းလိုက်သည်။ ဤစည်းမျဉ်းများသည်၊ ၁၉၅၆ ခု၊ စက်တင်ဘာလ ၁ ရက်နေ့မှအစပြု၍ အတည်ဖြစ်ရမည်။

၁။ ။ ကချင်ပြည်နယ် ပညာရေးဝန်ထမ်း (အောက်တန်း) အဖွဲ့တွင်အောက်ပါရာထူးများပါဝင်စေရမည် ဖြစ်ရာ နောက်ဆက်တွဲဇယားတွင် အသေးစိတ်ဖေါ်ပြထားပါသည်။

| | | |
|---|---|---|
| (က) | အလယ်တန်းကျောင်းဆရာကြီးလစာနှုန်း | ကျပ် ၂၅၀- ၁၅ ကျပ်- ၃၂၅ ကျပ်။ |
| (ခ) | အထက်တန်းဆရာ၊ ပညာအုပ်၊ လက်ထောက်ကထိက။ } လစာနှုန်း | ကျပ် ၂၀၀- ကျပ် ၁၀- ကျပ် ၃၀၀။ |

တိုက်ရိုက်ခန့်ထားခြင်း။

၂။ ။ ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အောက်တန်း) အဖွဲ့သို့အောက်ပါ အတိုင်းခန့်ထားရမည်။

(က) ဘီ၊ အေ၊ သို့မဟုတ် ဘီ၊ အက် (စ်) စီ၊ နှင့် ဘီ၊ အီးဒီ၊ သို့မဟုတ် ဒီ၊ တီ၊ သို့မဟုတ် မည်သည့်ဆရာ ဖြစ်သင်လက်မှတ်တခုခု ရရှိအောင်မြင်သူများအားတိုက်ရိုက်အစမ်းခန့်ထားခြင်း။

**သို့မဟုတ်**

ဘီ၊ အေ (အီးဒီ၊)၊ သို့မဟုတ် ဘီ၊ အေ၊ သို့မဟုတ် ဘီ၊ အက်(စ်) စီ၊ အောင်မြင်သူများအား တိုက်ရိုက်အ စမ်းခန့်ထားခြင်း။

**တိုးတက်ခန့်ထားခြင်း။**

(ခ) အမြဲတမ်းရပြီးသော အလယ်တန်းဆရာများမှ-

(၁) ဥပစာအထက်တန်း အောင်မြင်သူများအား၊ တိုးတက်ခန့်ထားခြင်းနှင့်



Myanmar Law Information System (MLIS)

(၂) အင်္ဂလိပ်-မြန်မာ၊ သို့မဟုတ် မြန်မာ ၁၀ တန်းနှင့် အထက်တန်းဆရာဖြစ် (Higher Grade Teachership) အောင်မြင်သူများမှ တိုးတက်ခန့်ထားခြင်း။

၃။ ။ သာမန်အားဖြင့်အဖွဲ့ဝင်ဦးရေ၏ ၇၀%ကို အထက်ဖော်ပြပါ ၂ (က) အရ၊ အရည်အချင်းပြည့်စုံသူများမှတိုက်ရိုက်ခန့်အပ်၍၊ အခြား ၃၀%ကို ၂ (ခ) အရ တိုးတက်ခန့်အပ်လိမ့်မည်။ တိုက်ရိုက်ခန့်အပ်ရန်အရည်အချင်းနှင့်ပြည့်စုံသော လျှောက်လွှာများလုံလောက်စွာမရှိလျှင် ပြည်နယ်ဥက္ကဋ္ဌသည်၊ လစ်လပ် သည့်ရာထူးများကို ၂ (ခ)အရတိုးတက်ခန့်အပ်နိုင်သည်။

တိုက်ရိုက်ခန့်ထားခြင်းအတွက် လိုအပ်သော အရည်အချင်း။

၄။ ။ နည်းဥပဒေ ၂ (က) အရ၊ လျှောက်ထားသူများသည်-

(က) သတ်မှတ်ထားသော ပညာအရည်အချင်းနှင့် ပြည့်စုံရမည်။

(ခ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ပြည်ထောင်စုသားဖြစ်ရမည်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ရမည်။

(ဃ) လျှောက်ထားသည့်နှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၀ နှစ်ပြည့်ပြီး၍၊ ၃၅ နှစ်ထက်မကျော် လွန်စေရ။

(င) ရွေးချယ်ခြင်းခံရသူများသည်၊ ရာထူးခန့်အပ်ရန်အတွက် ကျန်းမာခြင်းနှင့်ညီညွတ်သည်ဟု သတ်မှတ်ထားသည့်ပုံစံတွင် ခရိုင်ဆရာဝန်က ထောက်ခံရမည်။

## ဒုတိယပိုင်း

## ရာထူးစည်းမျဉ်းများ

တိုက်ရိုက်အစမ်းခန့်ထားခြင်းခံရသူများအား၊ အမြဲတမ်းခန့်ထားခြင်း။

၅။ ။ ခန့်ထားခြင်းခံရသူကို ယေဘုယျအားဖြင့် ဦးစွာအစမ်းအဖြစ်ခန့်အပ်ရမည်။ အမြဲတမ်းခန့်အပ်ရန် အတွက်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။

(က) အစမ်းခန့်အဖြစ် ၂ နှစ်ပြည့်အောင်ဆောင်ရွက်ရမည်။

(ခ) မိမိအထက်အရာရှိများက အမြဲတန်းခန့်အပ်ရန် သင့်တော်သည်ဟု ထောက်ခံရမည်။

**မှတ်ချက်**။ ။ ဘီ၊ အေ။ သို့မဟုတ် ဘီ၊ အက်(စ်)စီ၊ ဘွဲ့ရသူများအား၊ တိုက်ရိုက်အစမ်းခန့်ထားခြင်းခံရ ပါက ဆရာဖြစ်လက်မှတ်တခုခုရရှိမှသာလျှင် ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အောက်တန်း) တွင် အမြဲတမ်းခန့်ထားခြင်းခံစေရမည်။

မှတ်စဉ်သတ်မှတ်ခြင်း။

၆။ ။ ပြည်နယ်ပညာရေးဝန်ထမ်း (အောက်တန်း) မှတ်စဉ်၊ သို့မဟုတ် ဝါအနုအရင့်စာရင်းတွင် အစီအစဉ် ပြုလုပ်ရာ၌ အထက်တန်းဆရာ၊ သို့မဟုတ် ပညာအုပ်၊ သို့မဟုတ် အလယ်တန်းကျောင်းအုပ်ဆရာကြီး အဖြစ် အမှုထမ်းသက်အလိုက် အစီအစဉ်ပြုလုပ်ရပါမည်။ အထက်တန်းဆရာအဖြစ်၊ သို့မဟုတ် ပညာ အုပ်၊ သို့မဟုတ် အလယ်တန်းကျောင်းအုပ်ဆရာကြီးအဖြစ် အမှုထမ်းသက်တူညီနေသူများကို အခြား အစိုးရအမှုထမ်းလုပ်သက်၊ သို့မဟုတ် ကိုယ်ပိုင်ကျောင်းအမှုထမ်းအလုပ်သက်အလိုက် အစီအစဉ် ပြုလုပ်ရပါမည်။

Myanmar Law Information System (MLIS)

(က) ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အောက်တန်း) သို့တိုက်ရိုက်ခန့်ထားသူများအတွက် ယင်းအဖွဲ့သို့စတင်ခန့်ထားသည့် အစီအစဉ်အတိုင်းမှတ်စဉ်သတ်မှတ်ရမည်။

(ခ) ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အောက်တန်း) အဖွဲ့သို့အမြဲတမ်းတိုးမြှင့်ခန့်ထားခြင်းခံရသူများ အတွက်၊ ကချင်ပြည်နယ် ပညာရေးဝန်ထမ်း (အောက်တန်း) အဖွဲ့တွင် ခေတ္တစတင်ထမ်းရွက်သည့် အခါ မှစ၍ ပြန်လည်လျှောချထားခြင်းမခံရဘဲ တဆက်တည်းဆောင်ရွက်ခဲ့သူများဖြစ်ပါက၊ ထိုဝန်ထမ်း (အောက်တန်း) အဖွဲ့တွင်ခေတ္တစတင်ထမ်းရွက်သည့်နေ့များ အစီအစဉ်အလိုက် မှတ်စဉ်သတ်မှတ်ရမည်။

အထက်တန်းသို့ တိုးတက်ခန့်ထားခြင်း။

၇။ ။ ပြည်နယ်ပညာရေးဝန်ထမ်း (အောက်တန်း) အဖွဲ့ဝင်များအား၊ အထက်တန်းသို့ အမြဲတမ်း တိုးတက်ခန့်ထားရန်ကိစ္စပေါ်ပေါက်လာသောအခါ မှတ်စဉ်၊ သို့မဟုတ် ဝါအနုအရင့်စာရင်းတွင်ပါရှိသည့် အစဉ်အတိုင်းသာရာထူးတိုးမြှင့်ခန့်ထားခြင်းမပြုလုပ်ဘဲ ပညာအရည်အချင်းနှင့် လုပ်ရည်ကိုင်ရည်တို့ကိုပါ ထည့်သွင်းစဉ်းစား၍ ရာထူးဝန်အဖွဲ့၏ ထောက်ခံချက်ဖြင့်သာ ရာထူးတိုးမြှင့်ခန့်ထားရပါမည်။

၈။ ။ ကချင်ပြည်နယ်ဥက္ကဋ္ဌသည်၊ ပြည်နယ်ပညာရေးဝန်ထမ်း (အောက်တန်း) အရာရှိတဦးအားအစမ်း ခန့်ချိန်အတွင်း ရာထူးရင်းသို့ပြန်လည်ချထားနိုင်သည်။ ယေဘုယျအားဖြင့် သုံးစွဲနိုင်သည့် ဤအာဏာကို မထိခိုက်စေဘဲ ကချင်ပြည်နယ်ဥက္ကဋ္ဌသည်၊ အရာရှိတဦးအား စတင်ခန့်အပ်သည့်အချိန်မှ ၃ နှစ်အတွင်း နည်းဥပဒေ ၅ အရအရည်အချင်းနှင့်မပြည့်စုံ၍ အမြဲတမ်းမရရှိနိုင်လျှင် ရာထူးမှရပ်စဲနိုင်သည်၊ သို့မဟုတ် ရာထူးရင်းသို့ ပြန်လည်ချထားနိုင်သည်။

၉။ ။ ဤနည်းဥပဒေများတွင် မပါရှိသော ရာထူးစည်းမျဉ်းများနှင့်စပ်လျဉ်း၍၊ ကချင်ပြည်နယ်ပညာရေး ဝန်ထမ်း(အောက်တန်း) အဖွဲ့ဝင်များသည်၊ ယေဘုယျအားဖြင့် အစိုးရ၏ အလားတူအတန်းအစားအရာရှိများလိုက်နာရသော အခြားစည်းမျဉ်းများအတိုင်းဖြစ်စေရမည်။

အမိန့်အရ၊

မောင်ဇင်၊

ဒုတိယအတွင်းဝန်၊ ကချင်ပြည်နယ်အစိုးရ။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား (နည်းဥပဒေ အပိုဒ် ၁ အရ) ကချင်ပြည်နယ်ပညာရေးဝန်ထမ်း (အောက်တန်း) နည်းဥပဒေနှင့် အကျုံးဝင်သောရာထူးများ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲ (က) အလယ်တန်းကျောင်းအုပ်ဆရာကြီးများရာထူး

Myanmar Law Information System (MLIS)